# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 17, 2019 | Volume 26, Number 12


**၁၇.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၃၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၆/- ကျပ် |
| CBM Rate | = ၁၅၀၆.၂ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၄.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၁.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၁၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၀၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၇၈၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းစီးပွားရေးတိုးတက်မှု ခုနစ်ရာခိုင်နှုန်းရှိမည်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း စီးပွားရေးတိုးတက်မှုနှုန်း ခုနစ်ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး ကမ္ဘာ့စီးပွားရေးနှေးကွေးမှုကြောင့် မြန်မာနိုင်ငံအပေါ် ရိုက်ခတ်နိုင်ကြောင်း ဒီဇင်ဘာ ၁၅ ရက်ကထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာအချက်အလက်များတွင် ထည့်သွင်း ဖော်ပြထားသည်။ ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်ရန် မျှော်မှန်းခြင်း၊ ပြည်တွင်းပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိခြင်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုကို ခုနစ်ရာခိုင်နှုန်းတိုးတက်မည်ဟု မျှော်မှန်းထားခြင်းဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအတွက် စီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁၁၉၀၂၃၄၀၅ ဒသမ ၃ သန်းရရှိရန်နှင့် စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ခုနစ်ရာခိုင်နှုန်း တိုးတက်လာမည်ဟု ရည်မှန်းထားသည်။

ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးလျက်ရှိသဖြင့် ယင်း၏ အကျိုးဆက်ကြောင့် အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်းလည်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ် အကျိုးသက်ရောက်မှုများဖြစ်ပေါ်နိုင်ကြောင်း ယင်းအစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားသည်။ အခြားတစ်ဖက်တွင်လည်း ဆောက်လုပ်ရေး၊ ပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်မှုရင်းနှီးကုန်စည်များနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ပိုမိုတင်သွင်းလာခြင်းတို့ကြောင့် ကုန်သွယ်မှုလိုငွေပမာဏသည် ယခင်နှစ်ထက် ပိုမိုလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုအနေဖြင့် လယ်ယာကဏ္ဍတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၈ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ကဏ္ဍတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားသည်။ လယ်ယာကဏ္ဍကြီးတွင် ပြည်တွင်းစားသုံးမှု သာမက ပြည်ပသို့တင်ပို့နိုင်ရန်၊ ဈေးကွက်ဝင် အထွက် ကောင်းမျိုးစေ့ အဆင့်ဆင့်ထုတ်လုပ်ရန် ငါး၊ ပုစွန်တိုးချဲ့မွေးမြူခြင်းနှင့် နည်းပညာအဆင့်မြှင့်တင်ရန်တို့ ရရှိနိုင်မည်ဟုမျှော်မှန်းထားပြီး ဝန်ဆောင်မှုကဏ္ဍကြီးအနေဖြင့်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးတက်ရန်နှင့် ကုန်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု ၆ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟုခန့်မှန်းခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/132492.html

## လာမည့်နှစ်အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၇၁ ရာခိုင်နှုန်းရှိနိုင်

လာမည့်ဘဏ္ဍာနှစ်အတွင်း နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၆၅ ရာခိုင်နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၇၁ ရာခိုင်နှုန်းရှိနိုင်ကြောင်း ဒီဇင်ဘာ ၁၅ ရက်က ထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များတွင် ထည့်သွင်းဖော်ပြထားသည်။ လက်ရှိ ပြည်တွင်းကုန်ဈေးနှုန်းကြီးမြင့်မှု၊ နိုင်ငံခြား သွင်းကုန်ပစ္စည်း ဈေးတက်လာမှု၊ နိုင်ငံခြားငွေလဲလှယ်ရေးနှုန်းထားနှင့် ဖောင်းပွမှုအတိုးနှုန်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်း သည် ခန့်မှန်းထားသည်ထက် မြင့်လာခြင်းဖြစ်ကြောင်း ပြည်တွင်းစီးပွားရေးပညာရှင်များက သုံးသပ်နေကြသည်။

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အများဆုံးငွေချေးယူနိုင်သည့်ပမာဏမှာ ကျပ်ဘီလီယံ ၉၀၀၀ အနက် လိုငွေအား ငွေတိုက်စာချုပ်ရောင်းချခြင်းမှ ကျပ် ၂၆၂၂ ဒသမ ၁၂၉ ဘီလီယံ၊ ငွေတိုက်လက်မှတ် ရောင်းချခြင်းမှ ကျပ် ၂၆၂၂ ဒသမ ၁၂၉ ဘီလီယံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှချေးယူခြင်း ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံ (ပြည်တွင်းမှချေးယူငွေ၏ ၂၀ ရာခိုင်နှုန်း)နှင့် ပြည်ပမှချေးငွေ ကျပ် ၂၄၄၄ ဒသမ ၆၇၈ ဘီလီယံတို့ဖြင့် ဖြည့်ဆည်းရန်လျာထားကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ၄ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၄ ဒသမ ၈၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ ၁၇ လဆက်တိုက် ငွေကြေး ဖောင်းပွမှုနှုန်း မြင့်တက်ခဲ့သည်။

Source: https://myanmar.mmtimes.com/news/132490.html

myanmar.mmtimes.com

## ရေနံ၊ ဓါတ်ငွေ့နှင့်လျှပ်စစ်ကဏ္ဍများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ထက်ဝက်ကျော်ဝင်ရောက်

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း အောက်တိုဘာလကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏအများဆုံးမှာ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့ဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ၏ ထက်ဝက်ကျော်ရှိကြောင်း ရင်းနှီး မြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

နိုင်ငံပေါင်း (၅၀)မှ စီးပွားရေးကဏ္ဍ (၁၂) ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ (၂၇.၂၉) ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၅.၇၇) ရာခိုင်နှုန်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၁၄.၀၄) ရာခိုင်နှုန်းအသီးသီး ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်္ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်းသိရသည်။

https://www.tachileik.net/2019/12/NIFER.html

Tachileik News Agency

## တရုတ်နှင့် အီးယူ ဈေးကွက်ကောင်းမွန်သဖြင့် လက်ရှိတွင် ပြည်တွင်း၌ ပဲတီစိမ်းအညံ့စားပင်လျှင် တစ်တန်လျှင် ကျပ် ၁၁ သိန်းကျော်ရှိပြီး ပြည်ပပို့ကုန် အရည်အသွေးပြည့်မီပါက ကျပ် ၁၄ သိန်းခန့်အထိရှိဟုဆို



တရုတ်နှင့် အီးယူ ဈေးကွက်ကောင်းမွန်သဖြင့် လက်ရှိပြည်တွင်း၌ ပဲတီစိမ်းအညံ့စားပင်လျှင် ကျပ် ၁၁ သိန်းကျော်ရှိပြီး ပြည်ပပို့ကုန် အရည်အသွေးပြည့်မီပါက ကျပ် ၁၄ သိန်းခန့်အထိရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းမှသိရသည်။ “ တရုတ်ဘက်က ဈေးကောင်းရင် များသောအားဖြင့် ပဲတီစိမ်းဈေးကွက်က ဈေးကောင်း တာများတယ်။ ဒါပေမဲ့လည်း အီးယူကလည်း သူ့ဟာသူဈေးကွက်တစ်ခု ရှိတဲ့အခါကျတော့ တရုတ်နဲ့အီးယူက ဈေးကောင်းတယ်ဆိုရင် ကျန်တဲ့ နိုင်ငံတွေကလည်း ဈေးအထိုက်အလျောက် ပေးဝယ်တာပေါ့နော်။

ပဲတီစိမ်းဆို ဒီနှစ်ဆိုရင် တကယ်တမ်းညံ့တဲ့ အစားတောင် ၁၁ သိန်းကျော်လောက် ပုံမှန်ရှိတယ် ပြည်တွင်းမှာ။ တကယ်

ကောင်းတဲ့ အစားဆို ၁၃ သိန်းကျော် ၁၄ သိန်းလောက်ရှိတယ်။ ပဲတီစိမ်းဈေးကွက်ကတော့ ပိုခိုင်မာပါတယ်” ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ပဲမျိုးစုံအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ စသည့် ပဲအမျိုးအစားသုံးခုကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်း ဖြစ်ကြောင်းသိရသည်။ ယင်းအနက် မတ်ပဲနှင့် ပဲစဉ်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့် ဥရောပနိုင်ငံတချို့သို့ အဓိက တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင် ကုန်စည်ဒိုင်မှ ထုတ်ပြန်ချက်များအရ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် FOB ဈေးနှုန်းများမှာ ပဲတီစိမ်း FAQ တစ်တန်လျှင် ဒေါ်လာ ၈၀၀ မှ ၈၃၀ အထိ (ကျပ် ၁၂ သိန်းမှ ၁၂ သိန်းခွဲအကြား)၊ ပဲတီစိမ်း ရွှေဝါသည် အမျိုးအစားပေါ်မူတည်ကာ တစ်တန်လျှင် ဒေါ်လာ ၈၅၀ မှ ၁၀၅၀ အကြား (ကျပ် ၁၃ သိန်းခန့်မှ ၁၅ သိန်းကျော်) အထိရှိကြောင်းသိရသည်။ သို့သော်လည်း ပြည်တွင်း၌ မတ်ပဲဈေးနှုန်း ကျပ် ၁၃ သိန်းအထိ ရှိခဲ့သော်လည်း လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ မတ်ပဲဈေးနှုန်း ကျဆင်းနေသည့်အပြင် ဝယ်ယူမှုလျော့ကျလာသဖြင့် ကျပ် ၉၇၀၀၀၀ ကျော်သာရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရသည်။ “ လက်ရှိဈေးကွက်အနေအထားကတော့ မတ်ပဲဈေးကတော့ နည်းနည်းလေးပြန်ကျတယ်။ လက်ရှိမှာ ၉၇၅၀၀၀ လောက်ပြန်ဖြစ်တယ်။ အမြင့်ဆုံး ၁၃ သိန်းကျော် လောက်တက်ပြီးမှ အိန္ဒိယဘက်မှာလည်း ပဲဈေး အထိုက်အလျောက်ပြန်ကျတဲ့အခါမှာ တောက်လျှောက်ပြန်ဆင်း လာတဲ့ သဘော။ ဒီရက်ပိုင်းမှာ ဈေးကပြန်တော့တက်လာတယ်။ ပြန်တက်လာတယ်ဆိုပေမယ့် အိန္ဒိယဘက်က ဆိပ်ကမ်းမှာ လွယ်လင့် တကူ ထုတ်မပေးတဲ့ ပြဿနာတွေပေ့ါနော်။ ဒါကြောင့်လည်း လက်ရှိမှာ အဝယ်ကပြန်ရပ်သွားပြီ။ အဝယ်ရပ်တဲ့ အတွက်ကြောင့် ပြည်တွင်းမှာလည်း ပဲဈေး အထိုက်အလျောက်ပြန်ကျတဲ့ သဘောပေ့ါ။ မတ်ပဲက ပြည်တွင်းမှာ ၉၇၅၀၀၀ လောက်ပဲ ရှိတယ်” ဟု အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၁၈ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၁၂၀၅၀၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၁၀ ရက် ညနေပိုင်းတွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၉၆၈၀၀၀ အထိ ဈေးကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက် ညနေတွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၁၁၀၂၀၀၀ အထိ ဈေးပြန်တက်လာခြင်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် ယခင်နှစ်ကာတူထက် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၃၀,၀၀၀ ခန့် လျော့ကျခဲ့သော်လည်း ယင်းကာလအတွင်း ပဲဈေးနှုန်းမြင့်တက်ခဲ့သဖြင့် ဝင်ငွေဒေါ်လာ ငါးသန်းကျော် ပိုမို ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၅ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ရှစ်သောင်းကျော် တင်ပို့ထားပြီး ဝင်ငွေ ဒေါ်လာ ၅၆ သန်းကျော် ရရှိထားသည်။ “ ပဲမျိုးစုံကတော့ လက်ရှိမှာ တန်ချိန် ၈၀၀၀၀ ကျော်ပေ့ါ။ ဝင်ငွေကတော့ ၅၆ ဒသမ ၂၂၉ သန်းပေ့ါ။ ကာလတူထက်ယှဉ်ရင် တန်ချိန် နှစ်သောင်းကိုးထောင်လောက်နည်းတဲ့ အနေအထားမှာရှိတယ်။ ဝင်ငွေရတာပေ့ါ ပိုနေတယ်။ ဘယ်လောက်လဲဆိုတော့ ဒေါ်လာ ငါးသန်းလောက်ပိုနေတယ်။ တန်ချိန်တော့ နည်းသွားတယ် ဝင်ငွေကတော့ ပိုလာတယ်။ အဓိကတော့ ဈေးနှုန်းကြောင့်ပေ့ါ” ဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

**Source:** https://news-eleven.com/article/149599

## တရုတ်တစ်ရှူးငှက်ပျောစိုက်ပျိုးခြင်း အခွန်ကောက်တော့မည်

ကချင်ပြည်နယ်တွင် ဘိန်းအစားထိုးအဖြစ် တရုတ်တစ်ရှူးငှက်ပျော စိုက်ပျိုးနေခြင်းကို စနစ်တကျစိုက်ပျိုးရန်နှင့် အခွန် ဘဏ္ဍာများရရှိရေးအဆိုကို ယနေ့ အမျိုးသားလွှတ်တော်က အတည်ပြုလိုက်သည်။ ယနေ့အစည်းအဝေးတွင် အဆိုရှင်က မဲခွဲ ဆုံးဖြတ်ရန်တိုက်တွန်းခဲ့သဖြင့် ထောက်ခံမဲ ၁၆၈ မဲ၊ ကန့်ကွက်မဲ ၄၊ ကြားနေမဲ ၂ မဲ ဖြစ်သဖြင့် အတည်ပြုလိုက်ခြင်းဖြစ်သည်။ တစ်ရှူးငှက်ပျော စိုက်ပျိုးရာတွင် တရားဝင် မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေ ဩဇာများကို သုံးစွဲရန်နှင့် ကွင်း ဆင်းဆောင်ရွက်နေသည့် လုပ်သားများကို ကာကွယ်ရေးဝတ်စုံ ဝတ်ဆင်ရန်နှင့် ပိုးသတ်ဆေးဖျန်းမည်ဆိုပါက အုပ်ချုပ် ရေးမှူးမှတဆင့် လူထုထံ ကြိုတင်အသိပေးရမည်ဆိုသည့် ပညာပေးဆောင်ရွက်ချက်များလုပ်ဆောင်လျက်ရှိကြောင်း စိုက်ပျို

ရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုဝန်ကြီး ဦးလှကျော်ကဆိုသည်။ "တစ်ရှူးငှက်ပျော စိုက်ပျိုးရေးလုပ်ငန်းရှင်းနီးမြုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP) မူကြမ်းရေးဆွဲပြီးပါပြီ။ အဲဒီမူကြမ်းအပေါ်မှာ နောက်ဆုံး ပြင်ဆင်/ ဖြည့်စွက်လိုတဲ့ အချက်များကို ဆက်နွယ်လျက်ရှိတဲ့ ဌာနများသို့တောင်းခံထားပါတယ်" ဟုပြောသည်။

ဒီဇင်ဘာ ၄ ရက်က ကျင်းပသည့် အမျိုးသား လွှတ်တော်၌ ကချင်ဒေသတွင် တရုတ် တစ်ရှူးငှက်ပျောများကို စည်းကမ်းတကျထိန်းချုပ်နိုင်ရန်၊ ဘေးထွက်ဆိုးကျိုးများကို ကြိုတင်တားမြစ်နိုင်ရန်၊ ရသင့်သည့် အခွန်ဘဏ္ဍာများ ရရှိစေရန် ဌာနဆိုင်ရာအားလုံး ဟန်ချက်ညီညီ ပါဝင်ရေး အစိုးရကိုတိုက်တွန်းကြောင်း အဆိုတခုကို ကချင်ပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။ ဒေါက်တာခွန်ဝင်းသောင်းက "ဒီအဆိုကို အစိုးရအနေနဲ့ကတိဖြစ်တဲ့အတွက် လုပ်သင့်တာလုပ်ပါ့မယ်ဆိုတဲ့ အတိုင်းအတာကတော့ အားရကျေနပ်ပါတယ်။ အကောင်း အခြေအနေတခုရောက်အောင် တွန်းပို့လိုက်တဲ့ အဆိုတခုလို့လည်း ထင်ပါတယ်" ဟု ဧရာဝတီသို့ပြောသည်။ ယင်းအဆိုနှင့် ပတ်သက်၍ တရုတ်တစ်ရှူးငှက်ပျော စိုက်ပျိုးရာတွင် ပလတ်စတစ်များနှင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး ဓာတုဓာတ်မြေဩဇာများကို စနစ်တကျအသုံးပြုခြင်းမရှိ၍ သဘာဝပတ်ဝန်းကျင် ဆိုးကျိုးများ ဖြစ်ပေါ်နေကြောင်းနှင့် အခွန်ဘဏ္ဍာရရှိရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် စီမံချက်ချဆောင်ရွက်ရေးကို ကိုယ်စားလှယ်အများစုက ထောက်ပြဆွေးနွေးခဲ့ကြသည်။ ထိုသို့ကိုယ်စားလှယ်များ မြေဆီလွှာပျက်စီးမှု၊ ပြည်သူများကျန်းမာရေးထိခိုက်မှုအစရှိသည်တို့ကို ထောက်ပြဆွေးနွေး ခဲ့ကြသော်လည်း စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်ရှိ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်မြို့နယ်များ အတွင်း ရှိ တစ်ရှူးငှက်ပျောစိုက်ခင်းများကို ကွင်းဆင်းစစ်ဆေးရာ မြေဆီလွှာပျက်စီးနိုင်သောအခြေနေသို့ မရောက်ရှိသေးဘဲ စိုက်ပျိုးမြေတွင် ကတ်စီယမ်ပါဝင်မှုမတွေ့ရ၍ ပတ်ဝန်းကျင်အန္တရာယ်ဖြစ်စေနိုင်သော အဆင့်ထိမရောက်ရှိသေးကြောင်း ဒုဝန်ကြီးဦးလှကျော်က ပြောဆိုသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် ၁ မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်းက "စနစ်တကျ ရင်းနှီးမြုပ်နှံမယ်။ မြေမပျက်အောင်ထိန်းသိမ်းမယ်၊ အခွန်အခရမယ်ဆိုရင်တော့ တရုတ်တစ်ရှူးငှက်ပျောစိုက်ပျိုးခြင်းက ကောင်းကျိုးပိုမိုရရှိမယ်လို့ ထင်ပါတယ်" ဟုဆိုသည်။ တစ်ရှူးငှက်ပျော စိုက်ပျိုးရေးလုပ်ငန်းမှာ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန် ကင်း လွတ်ခွင့်ပေးထားသည့် ကုန်စည်အမျိုးအစားထဲတွင်ပါဝင်၍ ဝင်ငွေခွန်ကောက်ခံလျက်ရှိကြောင်း ဒုဝန်ကြီးကရှင်းပြသည်။ တစ်ရှူးငှက်ပျော စိုက်ပျိုးမှု တစ်ဧကကုန်ကျစရိတ် ကျပ်၂၅ သိန်းခန့် ရှိပြီး အသားတင် အကျိုးအမြတ်ကျပ် ၃၆ သိန်းခန့် ရရှိ ကြောင်းကိုလည်း ဦးလှကျော်ကဆိုသည်။

တစ်နိုင်ငံလုံးတွင် ငှက်ပျော စိုက်ဧရိယာ ၂ သိန်း ၆ သောင်းကျော် ဧကစိုက်ပျိုးထားပြီး ကချင်ပြည်နယ်တွင် ဧက ၇ သောင်းကျော် (၂၉ ရာခိုင်နှုန်း)၊ ဧရာဝတီတိုင်းတွင် ဧက ၆ သောင်းခန့် (၂၃ ရာခိုင်နှုန်း)၊ စစ်ကိုင်းတိုင်းတွင် ဧက ၂ သောင်းကျော် (၉ ရာခိုင်နှုန်း) ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မန္တလေးတိုင်း ဒေသကြီးတွင် ဧက ၁ သောင်းကျော်အသီးသီးစိုက်ပျိုးထားကြောင်း ၂၀၁၈-၁၉ ခုနှစ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရသိရသည်။ တရုတ်နိုင်ငံသို့ တစ်ရှူးငှက်ပျောတင်ပို့မှု ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၇ သိန်းကျော်တန်ဖိုး တင်ပို့ထားကြောင်း ဒုဝန်ကြီးက လွှတ်တော်သို့တင်ပြခဲ့သည်။

**Source:** https://burma.irrawaddy.com/news/2019/12/16/210890.html

## လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် သုံးသောင်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၄၀ ရရှိထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန်လေးထောင်ခန့် လျော့ကျခဲ့သဖြင့် ဝင်ငွေဒေါ်လာ ငါးသန်းလျော့ကျဟုဆို

လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် သုံးသောင်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၄၀ ရရှိထားပြီး ယခင်နှစ်ကာလတူထက် ရော်ဘာတင်ပို့မှုတန်ချိန် လေးထောင်ခန့်လျော့ကျခဲ့သဖြင့် ဝင်ငွေဒေါ်လာ ငါးသန်းလျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က The Daily Eleven သတင်းစာသို့ပြောကြားသည်။



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ပြည်ပသို့ ရော်ဘာတန်ချိန် ၃၂၈၃၅ တန် တင်ပို့မှုမှ ဒေါ်လာသန်း ၄၀ ရရှိထားသည်။ ယခင်နှစ်ကာလတူတွင် ပြည်ပသို့ရော်ဘာတန်ချိန် ၃၆၈၀၅ တန်ကျော်အထိ တင်ပို့ထားပြီး ဒေါ်လာ ၄၅ သန်း ရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ ရော်ဘာတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် တန်ချိန် ၃၉၇၀ ကျော်လျော့ကျခဲ့ပြီး ဝင်ငွေ ဒေါ်လာ ငါးသန်းလျော့ကျခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ "ရော်ဘာကတော့ လက်ရှိကာလမှာ ဒေါ်လာသန်း ၄၀ ပေါ့၊ တန်ချိန်က ၃၂၈၃၅ တန်ရှိ တယ်။ ကာလတူကတော့ တန်ဖိုးက ဒေါ်လာ ၄၅ သန်း၊ တန်ချိန်က ၃၆၈၀၅ တန်ပေါ့။ တန်ချိန်ကလည်း သုံးထောင် ကျော် လောက်နည်းတယ်။ တန်ဖိုးကလည်း ငါးသန်းလောက်နည်းတယ်" ဟု ဦးခင်မောင်လွင်ကပြောကြားသည်။ ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးသည်။ ကျန်တိုင်းဒေသ ကြီးများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းများတွင်လည်း စိုက်ပျိုးကြောင်းသိရသည်။

မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ငါးသိန်းနီးပါးရှိပြီး ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ နီးပါးရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးမှုမှာ ၁၆ သိန်းခန့်ရှိကြောင်းသိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန် စုစုပေါင်းနှစ်သိန်းခန့်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိပြီး အဓိကတင်ပို့နေသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကြောင်း မြန်မာနိုင်ငံရာဘာစိုက်ပျိုး၊ ထုတ်လုပ်သူများအသင်းမှသိရသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာကို တရုတ်နိုင်ငံအပြင် ဒေသတွင်းနိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယစသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်တွင်သာမက ရော်ဘာစိုက်ဧကနှင့် ရော်ဘာအထွက်များသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နိုင်ငံတကာအဆင့်မီ ရော်ဘာကုန်ကြမ်းနှင့် ကုန်ချောထုတ်လုပ်နိုင်ရန် ရော်ဘာအထူးဇုန်များ ဖော်ဆောင်ပေးရန် မတ် ၇ ရက်က ပြုလုပ်သည့် ဒုတိယသမ္မတ (၁)ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ (၁၅) ကြိမ်မြောက်အခမ်းအနားတွင် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကတင်ပြခဲ့သည်။ လက်ရှိအချိန်တွင် နိုင်ငံခြားသို့တင်ပို့နေသော RSS မှိုင်းခံရော်ဘာများ၊ ရော်ဘာခြမ်းများ(အထူးသဖြင့် ခြင်ယမ်များ) များမှ ထုတ်လုပ်ရာတွင် စက်ပစ္စည်း၊ အစေးခဲကန်၊ မှိုင်းခံများမရှိသဖြင့် ရော်ဘာအစိုပြားများ အထူးပြားများသာ ထုတ်လုပ်နေရပြီး ရောင်းချရာတွင်လည်း ဈေးမရကြသည့် အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသည်။

**Source:** https://news-eleven.com/article/149793

## ကြက်သွန်ဈေးကောင်းသော်လည်း တောင်သူလုပ်သားရှားပါးနေဆဲ



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ရှိ ကြက်သွန်စိုက်တောင်သူများဈေးကောင်းရရှိနေသော်လည်း ကြက်သွန်ပြန်လည်စိုက်ပျိုးရန် လုပ်သားရှားပါးမှုနှင့်ကြုံတွေ့နေကြောင်း မလှိုင်မြို့နယ် ကြက်သွန်စိုက်တောင်သူများထံမှသိရသည်။ မလှိုင်မြို့တွင် အစောပိုင်းကြက်သွန်အဖြစ် မိုးဦးကြက်သွန် စိုက်ပျိုးထားပြီး လက်ရှိအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင် ဈေးကောင်းရရှိနေသော်လည်း နှောင်းပိုင်းနွေကြက်သွန် ပြန်လည်စိုက်ပျိုးချိန်တွင် ကောက်စိုက်သမရှားပါးမှု အခက်အခဲများနှင့်ကြုံ တွေ့နေကြောင်း ကြက်သွန်စိုက်တောင်သူများထံမှသိရသည်။

မလှိုင်မြို့ မြက်သီးကျင်းကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးမြအောင်က "ကျွန်တော်က နှစ်စဉ် ကြက်သွန်စိုက်ပျိုး တဲ့ တောင်သူ တစ်ဦးပါ။ ကျွန်တော်တို့ တောင်သူတွေ နှစ်စဉ်ကြုံတွေ့နေရတာက ကောက်စိုက်သမအခက်အခဲပါ။ ကျွန်တော်တို့ ကြက်သွန်က အေးတဲ့ရာသီ ကို ဖမ်းစိုက်ရတာပါ။ ကောက်စိုက်သမက လိုချင်တဲ့အချိန်မရတာပါ။ ကျွန်တော်တို့မိသားစုက နှစ်ယောက်ရှိရင် တစ်ယောက်က လက်စားလိုက်ရ ပါတယ်။ လက်စားလိုက်ထားမှ ကြက်သွန်ပျိုးထောင်ချိန် စိုက်ရမယ့်ရက် သတ်မှတ်ရတာပါ။ ဒါပေမဲ့ ကောက်စိုက်သမ အခက်အခဲကြောင့် ကျွန်တော်တို့ မျှော်မှန်းတဲ့ရက်ကတော့ မရပါဘူး။ လက်စားက နှစ်ရက်ရပါတယ်။ ကျွန်တော်တို့ စိုက်တဲ့ကြက်သွန်က နှစ်ရက်နဲ့ မပြီးဘဲ ကောက်စိုက်သမကို ကျေးရွာ ထဲက မရတော့တဲ့အခါ တခြားရွာကခေါ်ရပါတယ်။ တခြားရွာကခေါ်တဲ့အခါ အခင်းပြတ်ပေးမယ်ဆို တစ်ကေကို ၂၀၀၀၀၀ ပေးရပြီး စရိတ်အဖြစ် ကားခ ကျပ် ၂၀၀၀၀ ပါ ပေးရပါတယ်။ ပုံမှန် လုပ်အားခ တစ်ရက် ငွေကျပ် ၄၀၀၀ ပေးရပြီး အခြားရွာကခေါ်ယူလျှင် ကေ အလိုက် ပုတ်ပြတ်ခေါ်ယူရတာ၊ အပြတ် ပေးရတာရှိပါတယ်။ ဒါက ကျွန်တော်တို့ တောင်သူတွေ အမြန်ဆုံးပြီးဖို့ခိုင်းရတာပါ"ဟု တောင်သူတို့၏ အလုပ် သမားအခက်အခဲကို ရှင်းပြသည်။

"ကျွန်မတို့ လက်စားလိုက်တာရှိသလို ကြိုငွေယူထားတာတွေလည်း ရှိပါတယ်။ ရွာမှာလက်ရှိတစ်ရက်ကို ကျပ် ၃၅၀၀ ရပါတယ်။ တခြားရွာဆို တစ်ရက် ကျပ် ၄၀၀၀ ရပါတယ်။အလုပ်သမားကတော့ စားဝတ်နေရေးအဆင်ပြေဖို့ ငွေပိုရင် ပိုတဲ့နေရာလိုက်ရတာပေါ့နော်"ဟု မြတ်သီးကျင်းကျေးရွာမှ ကောက်စိုက် သမ မကြူက ပြောသည်။ မလှိုင်မြို့၌ လက်ရှိအချိန် ကြက်သွန်ဈေး ကောင်းမွန်သည့်ဘက်တွင်ရှိနေပြီး ယခုအချိန် နွေကြက်သွန်စတင်စိုက်ပျိုးနေ၍ ကြက်သွန်ဈေးကွက် အမြင့်ပိုင်းတည်ရှိနေရန်မျှော်လင့်နေပြီး ကြက်သွန်ဈေးကွက်တည်ငြိမ်ပါက အလုပ်သမားဈေးကွက်တည်ငြိမ်လာပြီး လုပ်သား အခက်အခဲဖြေရှင်းနိုင်မည်ဟု မျှော်လင့်နေသည်။

**Source:** https://myanmar.mmtimes.com/news/132441.html

## မြန်မာ့နာနတ်သီးဈေးနှုန်း တည်ငြိမ်နေ



ယခုလအတွင်း မြန်မာ့နာနတ်သီးဈေးနှုန်းများမှာ တည်ငြိမ်နေကြောင်း မြန်မာနာနတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ ပြည်တွင်းဈေးကွက်မှာ နာနတ်သီးဈေးနှုန်းများမှာ ရာသီချိန်မဟုတ်တော့တာ ကြောင့် ဈေးကွက်အေးနေတယ်လို့ မြန်မာနာနတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ “ အခုက ရာသီချိန်မဟုတ်တော့ဘူး။ နာနတ်သီးက ပြည်တွင်းမှာတော့ ထွက်ရှိနေတယ်။ ရောင်းလည်း ရောင်းရပေမယ့် ဈေးနှုန်းကျတော့ အေးနေတာပေါ့။ ပြီးတော့ တရုတ်နိုင်ငံကိုလည်း တင်ပို့ ရောင်းချနိုင်ဖို့အတွက် စီစဉ်နေပါတယ်”

မြန်မာနာနတ်သီးဈေးနှုန်းများမှာ ၁၅၀ ကျပ်မှ ၃၀၀ ကျပ်ဝန်းကျင်အထိ ဈေးနှုန်းအေးနေကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့နာနတ်သီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အများဆုံးစိုက်ပျိုး ခဲ့တာဖြစ်ပြီး ပြည်ပဈေးကွက်များကိုလည်း တင်ပို့နိုင်ရန်စီစဉ်နေကြောင်း မြန်မာနာနတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ သူများအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/myanmar_pineapple_price_is_low

## ကမ္ဘာ့နံပါတ်တစ် instant coffee တင်ပို့ သူ ဘရာဇီးက အရှေ့တောင်အာရှဈေးကွက်ကို အထူးပစ်မှတ်ထားနေ

ကမ္ဘာ့အကြီးဆုံး instant coffee တင်ပို့သူ ဘရာဇီးကတော့ ယခုအခါ အရှေ့တောင်အာရှဈေးကွက်ထဲ ပို့ကုန် တင်ပို့မှုမြှင့်တင်ဖို့ အထူးရည်မှန်းချက်ထားနေလျက်ရှိကြောင်းသိရပါတယ်။ ယခုနှစ် နိုဝင်ဘာလအထိ ကာလအတွင်း ဘရာဇီး ကနေ အဆိုပါဒေသကို ကော်ဖီတင်ပို့မှုပမာဏဟာ ယမန်နှစ် ၂၀၁၈ တစ်နှစ်တာလုံးနဲ့ ယှဉ်ရင် ၄ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုတင်ပို့ထားနိုင်ခဲ့ပြီးလည်းဖြစ်ပါတယ်။ Instant coffee မှာ အသုံးပြုတဲ့ robusta ကော်ဖီစေ့အထွက်နှုန်း

အထူးကောင်းမွန်ခြင်း၊ ဘရာဇီးငွေကြေးတန်ဖိုးကျခြင်းတို့ကြောင့် ပြီးခဲ့တဲ့နှစ်အတွင်း ဘရာဇီးနိုင်ငံရဲ့ကော်ဖီတင်ပို့မှုမှာ အကျိုးကျေးဇူးတွေရရှိခဲ့တယ်လို့ သိရပါတယ်။

အရှေ့တောင်အာရှဈေးကွက်ကြောင့်လည်း ပို့ကုန်ဝယ်လိုအား အထူးကောင်းမွန်နေခဲ့တယ်လို့ ဆော်ပေါ်လို အခြေစိုက် instant coffee ထုတ်လုပ်မှုလုပ်ငန်း Cia Cacique de Café Soluvel က တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ Mr Guimaraes ကပြောပါတယ်။ ဘရာဇီးရဲ့ instant coffee တင်ပို့မှုရဲ့ ၂၀ ရာခိုင်နှုန်းခန့်ဟာ အရှေ့တောင်အာရှဒေသကို တင်ပို့နေရတာဖြစ်တယ်လို့လည်းသိရပါတယ်။ အထူးသဖြင့် ယင်း အရှေ့တောင်အာရှဒေသမှာ မြန်မာနဲ့အင်ဒိုနီးရှားတို့က ဘရာဇီးရဲ့အကြီးဆုံးသော instant coffee customers တွေဖြစ်တယ်လို့သိရပါတယ်။ **Source:**

**Source:** https://www.businesstimes.com.sg/.../world%E2%80%99s-top-inst...

SFJ Strategy First Journal

## တရုတ်ကို မြေရှားသတ္တုတင်ပို့မှု မြန်မာဆိုင်းငံ့

တရုတ်ကို မြေရှားသတ္တု တင်ပို့မှုကို မြန်မာဘက်က ဆိုင်းငံ့လိုက်တယ်လို့ တရုတ်သတ္တုဈေးကွက်သတင်း အချက်အလက်တွေကို ဖော်ပြတဲ့ SMM သတင်းဆိုက်ကဖော်ပြပါတယ်။ မြန်မာနိုင်ငံထဲမှာ တရုတ်ဘက်က တရားမဝင် သတ္တုတူးဖော်မှုတွေကြောင့် သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုနဲ့ ပဋိပက္ခတွေဖြစ်စေတယ်လို့ မြန်မာဘက်ကရှုမြင်ပြီး နယ်စပ်ကို ပိတ်လိုက်တာလို့လည်း သတင်းမှာဖော်ပြပါတယ်။

မြန်မာနိုင်ငံတွင်းက သတ္တုတူးဖော်ရေးလုပ်ငန်းတွေကို စာချုပ်ချုပ်ပြီးချိန်ထိ နယ်စပ်ကိုဆက်ပြီးပိတ်ထားမှာ ဖြစ်တာကြောင့် မြေရှားသတ္တုထုတ်လုပ်ရေးလုပ်ငန်းတွေအတွက် ကုန်ကြမ်းပြတ်လပ်မယ့် အရေးအပေါ်စိုးရိမ်နေကြပါတယ်။ ဒါကြောင့်လည်း နှစ်သစ်မှာ မြေရှားသတ္တုထုတ်ကုန်တွေ ဈေးတက်ဖို့ရှိကြောင်းလည်း ခန့်မှန်းထားပါတယ်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရဲ့ ထိန်ချုန်း နယ်စပ်ဂိတ်ကို တရုတ်ဘက်က စက်တင်ဘာလနှောင်းပိုင်းက ပြန်ဖွင့်လိုက်ပြီးနောက် မြန်မာဘက်က အခုလိုဆောင်ရွက်လာတာပါ။ မြန်မာနဲ့တရုတ်နယ်စပ်ဂိတ် ထိန်ချုန်းက မြန်မာဘက်က မြေရှားသတ္တု အဓိကတင်သွင်းရာနေရာလည်းဖြစ်ပါတယ်

**Source:** https://www.facebook.com/VoA.Burmese.News/

## ၂၀၁၉ ခုနှစ်တွင် အီးယူ၏ ဆိုလာစွမ်းအင်ဈေးကွက် ၁၀၀ ရာခိုင်နှုန်းကျော်ဖြင့်တိုးတက်

၂၀၁၉ ခုနှစ်တွင် ဥရောပသမဂ္ဂ၌ နေရောင်ခြည်စွမ်းအင်တပ်ဆင်ထုတ်လုပ်မှုသည် ၁၆.၇ ဂစ်ဂါဝပ် ရှိခဲ့ပြီး၊ ၂၀၁၈ ခုနှစ် တပ်ဆင်ထုတ်လုပ်မှု ၈.၂ ဂစ်ဂါဝပ်ရှိခဲ့သဖြင့် ယခုနှစ်တွင် ၁၀၄ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ကြောင်း ၁၀.၁၂.၂၀၁၉ နေ့တွင် ထုတ်ပြန်ခဲ့သည့် ဥရောပ၏ ဆိုလာစွမ်းအင်ဈေးကွက်သုံးသပ်ချက်အရ သိရှိရကြောင်း၊ ယင်းသို့တိုးတက်မှုသည် ၂၀၁၀ ခုနှစ်မှစတင်၍ အီးယူ(၂၈)နိုင်ငံ၏ ဆိုလာစွမ်းအင်ဆိုင်ရာ အမြင့်မားဆုံး တိုးတက်မှုဖြစ် ခဲ့ကြောင်း Neweurope သတင်းဌာန၏ ၁၃.၁၂.၂၀၁၉ နေ့တွင် သတင်းထုတ်ပြန်ခဲ့မှုအရသိရှိရပါသည်။ SolarPower Europe ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Walburga Hemetsberger က အီးယူတွင် ဆိုလာစွမ်းအင်အသုံးပြုမှုသည် တိုးတက်လျက်ရှိကြောင်း၊ ဆိုလာစွမ်းအင်ဖွံ့ဖြိုးမှုခေတ်သစ်တစ်ခုသို့ ဝင်ရောက်လာပြီဖြစ်ပြီး၊ ၂၀၁၉ ခုနှစ်တွင် အခြားသော စွမ်းအင်ထုတ်လုပ်မှုများထက် ဆိုလာစွမ်းအင်တပ်ဆင်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်ခဲ့ကြောင်း၊ ယခုကဲ့သို့ ဆိုလာစွမ်းအင်တပ်ဆင်ထုတ်လုပ်မှု သိသိသာသာ တိုးတက်လာခြင်းသည် ဥရောပကော်မရှင်အသစ်၏ ရာသီဥတုအရေးဆိုင်ရာအပိုင်းတွင် ခေါင်းဆောင်မှုနှင့်အတူ လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိခဲ့ပြီး ဥရောပ၏ အစိမ်းရောင်ရည်မှန်းချက် (Green Deal) လက်တွေ့ဖြစ်လာစေရေး အကူအညီပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။ ဥရောပတွင် ဆိုလာစွမ်းအင်တိုးတက်လာရခြင်း အကြောင်းအရင်းများစွာရှိကြောင်း၊ အဓိကအားဖြင့်စွမ်းအင် ထုတ်လုပ်မှုအရင်းအမြစ်များ အနက် ဈေးအသက်သာဆုံးဖြစ်သော ဆိုလာစွမ်းအင်၏ ကုန်ကျစရိတ်သက်သာမှုအပိုင်း၌ ယှဉ်ပြိုင်နိုင်စွမ်းကြောင့် ဆိုလာစွမ်းအင်အတွက် ဝယ်လိုအား တိုးတက်လာခြင်းဖြစ်ပြီး၊ အီးယူအဖွဲ့ဝင်နိုင်ငံများအတွက် ၂၀၂၀ ပြည့်နှစ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှု လိုအပ်ချက်

များနှင့် ပြည့်မီစေရေးအတွက် အချိန်နီးကပ်လာခြင်းကြောင့်လည်းဖြစ်ကြောင်း SolarPower Europe ၏ မူဝါဒရေးရာ ညွှန်ကြားရေးမှူးဖြစ်သူ Aurelie Beauvais က ပြောကြားခဲ့ကြောင်းသိရပါသည်။ ဥရောပကော်မရှင်၏ သန့်ရှင်းသော စွမ်းအင်အသုံးပြုမှု အစီအစဉ် (Clean Energy Package ) အရ ၂၀၃၀ ခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှု ၃၂ ရာခိုင်နှုန်းရည်မှန်းချက်ထားရှိခဲ့သဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါရည်မှန်းချက်နှင့် ကိုက်ညီမှုရှိစေရေးအတွက် စတင်ပြင်ဆင်လျက်ရှိကြပြီး၊ နိုင်ငံအလိုက် အစိုးရများအနေဖြင့် ကုန်ကျစရိတ်သက်သာသည့် ဆိုလာစွမ်းအင်ကို ပိုမိုတိုးတက် ရှာဖွေလာကြခြင်းဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်ဟုသိရှိရပါသည်။ ၂၀၁၉ ခုနှစ်တွင် စပိန်နိုင်ငံသည် ဆိုလာစွမ်းအင်တပ်ဆင်ထုတ်လုပ်မှု ၄.၇ ဂစ်ဂါဝပ်ရှိခဲ့ပြီး ဥရောပ၏ အကြီးဆုံး ဆိုလာစွမ်းအင် ဈေးကွက်ဖြစ်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်အတွက် ဥရောပ၏ ထိပ်တန်း ဆိုလာစွမ်းအင်ဈေးကွက်များမှာ ဂျာမနီ (၄ ဂစ်ဂါဝပ်)၊ နယ်သာလန် (၂.၅ ဂစ်ဂါဝပ်)၊ ပြင်သစ် (၁.၁ ဂစ်ဂါဝပ်)နှင့် ပိုလန် (၇၈၄ မဂ္ဂါဝပ်) တို့ဖြစ်ကြကြောင်း၊ ၂၀၁၉ ခုနှစ်တွင် အီးယူ အဖွဲ့ဝင်(၂၈)နိုင်ငံအနက် (၂၆)နိုင်ငံ၌ ယခင်နှစ်ကထက် ဆိုလာစွမ်းအင်တပ်ဆင်ထုတ်လုပ်မှုတိုးတက်လာခဲ့ပြီး၊ ဥရောပသမဂ္ဂတစ်ဝန်းလုံး၌ တိုးတက်လာခဲ့သည့် အခြေအနေဖြစ်ကြောင်း အဆိုပါသတင်းကဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ အယူခံအဖွဲ့လုပ်ငန်းများ ရပ်ဆိုင်းထားရမည့် ကိစ္စအပေါ် အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာ Phil Hogan က ကြေညာချက်ထုတ်ပြန်ခဲ့ခြင်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ အယူခံအဖွဲ့ဆိုင်ရာလုပ်ငန်းများ ရပ်ဆိုင်းထား ရမည့် ကိစ္စရပ်အပေါ် အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာဖြစ်သူ Phil Hogan က ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း ဥရောပကော်မရှင်၏ ၁၀.၁၂.၂၀၁၉ နေ့တွင် သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ အယူခံအဖွဲ့ဆိုင်ရာလုပ်ငန်းများသည် ရပ်ဆိုင်းထားရမည်ဖြစ်ပြီး၊ အယူခံမှုကိစ္စရပ်အသစ်များကို ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ ယခုကိစ္စရပ်မှာ စိတ်မကောင်းစရာဖြစ်ပြီး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ အငြင်းပွားမှုဖြေရှင်းရေးစနစ်နှင့် အယူခံအဖွဲ့တို့အပေါ် (၂၄) နှစ်ကြာ အမှီသဟဲပြုခဲ့သည့် စည်းမျဉ်းအခြေခံသော နိုင်ငံတကာ ကုန်သွယ်မှုစနစ်အတွက် အလွန်ပြင်းထန်သည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို သိရှိရပါသည်။ ယခုကိစ္စရပ်မှာ နိုင်ငံစုံကုန်သွယ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုစနစ်တို့အတွက် အလွန်အရေးပါသော အခိုက်အတန့် ဖြစ်ကြောင်း၊ အယူခံအဖွဲ့၏လုပ်ငန်းရပ်များ ရပ်ဆိုင်းထားရခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံများအကြား ဘက်လိုက်မှု မရှိသော စည်းမျဉ်းစည်းကမ်းများကို အမှီအခိုကင်းစွာဖြင့် အာမခံချက်ပေးနိုင်သည့် အငြင်းပွားမှုဖြေရှင်းရေး စနစ်ကို ဆုံးရှုံးရခြင်း ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂသည် နိုင်ငံစုံကုန်သွယ်မှုစနစ်ကို အခိုင်အမာထောက်ခံသူအဖြစ် ဆက်လက်ရပ်တည်မည်ဖြစ်ပြီး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့်အတူ ထိရောက်သော အငြင်းပွားမှု ဖြေရှင်းရေးစနစ်သည် ပွင့်လင်း လွတ်လပ်၍ မျှတသောကုန်သွယ်မှုကို သေချာစေရေးအတွက် မရှိမဖြစ် အရေးပါသောအရာများဖြစ်သည်ဟု စွဲမြဲစွာ ယုံကြည် ထားကြောင်းကိုလည်း ဖော်ပြထားပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့မှု နှစ်ပေါင်း (၂၄) နှစ်ကြာ ပြီးနောက် WTO အနေဖြင့်လည်း ပြောင်းလဲလာသည့် ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေများကို ထင်ဟပ်ရန် လိုအပ်ကြောင်း၊ ကျယ်ပြန့်စွာ လွှမ်းခြုံမှု ရှိသော ပြုပြင်ပြောင်းလဲရေးအစီအမံများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လုပ်ငန်းရပ် (၃) ခုဖြစ်သည့် နိုင်ငံတကာကုန်သွယ်မှုစည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း၊ နိုင်ငံများ၏ ကုန်သွယ်မှုမူဝါဒနှင့် လုပ်ထုံးလုပ်နည်း များအား လေ့လာစောင့်ကြည့်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းများတွင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အီးယူအနေဖြင့် အဆိုပါ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်း၍ အသေးစိတ် အဆိုပြုမှုများ ပြုလုပ်ခြင်းဖြင့် ရှေ့တန်းမှပါဝင်ဆောင်ရွက်လျက်ရှိပြီး၊ အလားတူဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အယူခံအဖွဲ့၏ လုပ်ငန်းများ ရပ်ဆိုင်းထားရမည့်အရေးကိစ္စနှင့်ပတ်သက်၍ အီးယူသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စည်းမျဉ်း စည်းကမ်းများနှင့် အညီ အငြင်းပွားမှုဖြေရှင်းရေးကို ဆက်လက်ဆောင်ရွက်လိုသည့် WTO အဖွဲ့ဝင်နိုင်ငံများသို့ အယူခံဆောင်ရွက်မှုဆိုင်ရာ ယာယီအစီအစဉ်များကို အဆိုပြုထားကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကိုသိရှိရ ပါသည်။

Source: စီးပွားရေးသံမှူး–ဘရပ်ဆဲလ်

## STOCK EXCHANGE (17.12.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 17th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,500 | 11,000 | 1,330 | 14,932,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,850 | 3,850 | 3,800 | 10,131 | 38,500,850 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1,250 | 10,250,000 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | -500 | -2.17% | 23,000 | 23,000 | 22,500 | 1,201 | 27,073,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 15 | 43,500 | 12,823,224 | 37,187 |

### Market summary

As of 17th Dec. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 455.90 | -2.32 | -0.51% | 458.22 | 465.80 | 455.90 | 13,927 | 90,799,850 | 5 | 624,267 |

**Index chart**

